EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၉၄ ဖေဖော်ဝါရီ ၄ ရက်၊ ၂၀၂၀

## စာရင်းစစ်ချုပ်အစီရင်ခံစာသုံးသပ်ချက်များသည် ဥပဒေအတိုင်း ဆောင်ရွက်ခြင်းဟု တိုင်းစာရင်းစစ်ချုပ် တုံ့ပြန်

**ဇန်နဝါရီ ၃၀၊ ၂၀၂၀**

စာရင်းစစ်ချုပ်အစီရင်ခံစာ သုံးသပ်ချက်များသည် တိုင်းဒေသကြီးအစိုးရအဖွဲ့အား အထင်မြင်လွဲမှားဝေဖန်မှုများ ဖြစ်ပေါ်စေခဲ့သည်ဟု တိုင်းဘဏ္ဍာရေးဝန်ကြီးက ပြောကြားရာ နိုင်ငံရေးနည်းဖြင့် ရေးသားခဲ့ခြင်းမဟုတ်ဘဲ ဥပဒေအတိုင်းဆောင်ရွက်ခြင်းဟု ရန်ကုန်တိုင်းစာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှက ပြောကြားသည်။

ဇန်နဝါရီ ၃၀ ရက်က ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ ၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ ၂၀၁၇ - ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာတို့အပေါ် ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ဆွေးနွေးရာတွင် ယခုကဲ့သို့ အပြန်အလှန်ပြောကြားခဲ့ခြင်း ဖြစ်သည်။

"တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စာရင်းစစ်လုပ်ငန်းအပြီးသတ်ဆွေးနွေးမှု (Winding Up) အား ၂၀၁၉ ဩဂုတ် ၁၄ ရက်နေ့တွင် လုပ်ဆောင်ခဲ့ပါတယ်။ အဆိုပါ Winding Up လုပ်တဲ့ အစီရင်ခံစာမှာပါရှိခြင်းမရှိတဲ့ အချက်များကို စာရင်းစစ်ချုပ်အစီရင်ခံစာတွင် သုံးသပ်ဖော်ပြထားခြင်းက လွှတ်တော်အတွင်း၊ ပြည်သူအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့အပေါ် အထင်အမြင်လွဲမှားဝေဖန်မှုများ ဖြစ်ပေါ်လာစေခဲ့ရတာကို တွေ့ရပါတယ်"ဟု ဝန်ကြီးဦးမြင့်သောင်းက ပြောကြားသည်။

စာရင်းစစ်ဆိုသည်မှာ စာရင်းစစ်ဆေးရာတွင် ပြဿနာရှာရသည့်အဖွဲ့အစည်းမျိုးမဟုတ်ဘဲ စာရင်းစစ်၊ ငွေရေး ကြေးရေး၊ ဘဏ္ဍာရေးစည်းမျဉ်းများ ညီညွတ် မှုမရှိပါက တည့်မတ်ပေးရသည့် အဖွဲ့အစည်းဖြစ်ကြောင်း စာရင်းစစ်အဖွဲ့များ ကိုယ်တိုင်သိရှိရန် လိုအပ်ကြောင်း မြို့တော်ဝန်ကလည်း လွှတ်တော်တွင်းဝေဖန်ခဲ့သည်။

ယင်းသို့ ပြောကြားခဲ့ခြင်းများအပေါ် ဒေါ်ခင်သန်းလှက အစီရင်ခံစာတွင် ရေးသားဖော်ပြချက်များမှာ မည်သူ့ကိုမျှ တိုက်ခိုက်ခြင်းမဟုတ်ဘဲ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများအတိုင်းသာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။

"စာရင်းစစ်ချုပ်ရုံးရဲ့ ရေးသားချက်များက မည်သည့်ဝန်ကြီးဌာန၊ မည်သည့်အဖွဲ့အစည်း ကိုမှ နိုင်ငံရေးနည်းနဲ့ ရေးသားခြင်းမဟုတ်ပါဆိုတာကို ပြောချင်ပါတယ်။ နိုင်ငံတော်က သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနဲ့ မကိုက်ညီခြင်းများ၊ နိုင်ငံတော်ဘဏ္ဍာငွေ မလျော့နည်းရေးကိုသာ ဦးတည်ပြီး အကြံပြုခြင်းသာဖြစ်ပါတယ်။ စာရင်းစစ်က နိုင်ငံတော်ရဲ့ရငွေတွေ လျော့နည်းမှုရှိလား အဓိကစစ်ရပါတယ်" ဟု ရန်ကုန်တိုင်း စာရင်းစစ်ချုပ်က ပြောကြား သည်။

သမ္မတရုံးညွှန်ကြားချက် ၃/ ၂၀၁၈ အရ ပြင်ပပေါက်ဈေးထက် နည်းနေ၍ မရပါကြောင်း၊ အခွန်အခနှုန်းထား နည်းနေသည့်အတွက် ပေါ်လွင်နိုင်အောင် ယှဉ်ပြီးရေးသားခြင်းဖြစ်ကြောင်း၊ စာရင်းစစ်သည် ဘက်လိုက်ရေးသား၍မရကြောင်း အရှိကိုအရှိအတိုင်း ရေးသားတင်ပြရခြင်းသည် မိမိတာဝန်သာဖြစ်ပါကြောင်း၊ တွေ့ရှိသည့်အတိုင်း မရေးသားမတင်ပြပါက စာရင်းစစ်သည် တာဝန်ပျက်ကွက်ခြင်းဖြစ်သည်ဟုဆိုသည်။



ရန်ကုန်တိုင်းစာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှအားတွေ့ရစဉ်။ (ဓာတ်ပုံ-Yangon Hluttaw Facebook)

ဆက်လက်၍ ယခင်ကာလများတွင် ငှားရမ်းခနှုန်းများသည် ငါးနှစ်တစ်ကြိမ်သာ ပြင်ဆင်ခွင့်ရခြင်း၊ ငှားရမ်းခ ချိုသာစွာဖြင့် နှစ်သုံးဆယ်၊ နှစ်ငါးဆယ် နှစ်ရှည်ငှားရမ်းထားခြင်းနှင့် အကျိုးတူရသည့် အခွင့်အရေးများအား ကုမ္ပဏီသို့ ငှားရမ်းခြင်းစသည့် နစ်နာမှုများကို ပြည်သူများသိအောင် တင်ပြထားခြင်းသာ ဖြစ်သည်ဟုဆိုသည်။

"တင်ဒါခေါ်ယူမှု စစ်ဆေးရာမှာလည်း နိုင်ငံတော်သမ္မတရုံးရဲ့ညွှန်ကြားချက်နဲ့အညီ ဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးတင်ပြခြင်းသာဖြစ်ပါတယ်" ဟု ဒေါ်ခင်သန်းလှက ပြောကြားသည်။

(ကိုးကား-https://news-eleven.com)

# သတင်းအချက်အလက်များ ဖြန့်ဝေပေးရန်နှင့် အစိုးရ၏လုပ်ငန်းများအပေါ် ပြည်သူများ၏သဘောထားနှင့် အကြံပြုချက်များရယူရန် အစီအစဉ် ရှိ/မရှိ မေးမြန်း

**ဇန်နဝါရီ ၁၄၊ ၂၀၂၀**

ဇန်နဝါရီလ (၁၄) ရက်နေ့က ကျင်းပသော ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် သရက်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ဦးဇော်မိုးအောင်က မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့် သတင်းအချက်အလက်များကို ပြည်သူများထံသို့ ဖြန့်ဝေပေးရေးနှင့် အစိုးရ၏လုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ပြည်သူလူထု၏ သဘောထားနှင့် အကြံပြုချက်များ ရယူရေးနှင့် စဉ်းစားပြင်ဆင်နေသည့် မူဝါဒများနှင့် ပတ်သက်၍ အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံဉာဏ်များရယူနိုင်ရေးအတွက် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းခဲ့သည်။

အဆိုပါမေးခွန်းအပေါ် လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး (ကိုယ်စား) အလုပ်သမားရေးရာဝန်ကြီး ဦးမြင့်ဆွေမှ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန် မကွေးတိုင်းဝန်ကြီးချုပ်နှင့် ဝန်ကြီးများမှ အပတ်စဉ်ကွင်းဆင်း၍ ချပြရှင်းလင်းပေးလျက်ရှိကြောင်းနှင့် တင်ပြချက်များကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပြီး အစဉ်ကြပ်မတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်ဟု ဖြေကြားခဲ့သည်။ ထို့ပြင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် Website လွှင့်တင်၍ ပြည်သူများအတွက် ဝန်ဆောင်မှုပေးမည့် လုပ်ငန်းစဉ်များအား သိရှိနိုင်ရန် ထည့်သွင်းဖော်ပြပေးလျက်ရှိပြီး ပြည်သူလူထုထံမှတင်ပြချက်များ ရှိပါက အမြန်စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဆောင်ရွက်ပြီးစီးမှုများကိုလည်း ပြည်သူလူထုထံသို့ အလေးအနက်ထား ပြန်ကြားပေးလျက်ရှိသည်ဟု ဆိုသည်။



**(ကိုးကား-မကွေးတိုင်းဒေသကြီးလွှတ်တော်ဖေ့စ်ဘွတ်ခ်)**

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီ အပြောင်းအလဲဖြစ်

**ဇန်နဝါရီ ၃၀၊ ၂၀၂၀**

တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီ အတွင်းရေးမှူးနေရာ ပြောင်းလဲခြင်းကို ဇန်နဝါရီ ၃၀ ရက်ကပြုလုပ်သည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ (ဒဂုံ-၂) အစား လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်း (တာမွေ-၁) ကို ပြောင်းလဲ တာဝန်ပေးအပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ကြေညာခဲ့သည်။ ဦးကျော်ဇေယျသည် NLD ပါတီ ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခံထားရသူဖြစ်သည်။

ယင်းသို့အတွင်းရေးမှူးနေရာ ပြောင်းလဲတာဝန်ပေးကြောင်း လွှတ်တော်ကိုယ်စားလှယ်များက သဘောတူ၊ မတူ မေးမြန်းချိန်တွင် ကော်မတီ၏ ဥက္ကဋ္ဌတာဝန်ယူထားသည့် လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက မတ်တပ်ရပ်ကန့်ကွက်ခဲ့သည်။

ထိုသို့ ကန့်ကွက်စဉ် လွှတ်တော်ဥက္ကဋ္ဌက "ကျွန်တော်တို့ ဒီဥစ္စာက လွှတ်တော်ဥက္ကဋ္ဌရဲ့ လုပ်ပိုင်ခွင့်အရလုပ်တယ် မိန်းကလေး၊ ကိုယ်စားလှယ်ကနေပြီးတော့ ကန့်ကွက်တယ်ဆိုရင် မဲခွဲပါမယ်။ ကန့်ကွက်မယ်ဆိုရင် ကန့်ကွက်မယ့်သူ မတ်တပ်ရပ်ပါ" ဟု ပြောကြားသည်။

ကန့်ကွက်သူများမှာ လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၊ ဦးကျော်ဇေယျနှင့် ဦးစံကျော်တို့သုံးဦးသာရှိပြီး ထောက်ခံသူများသဖြင့် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းအား အတွင်းရေးမှူးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုခဲ့သည်။

**(ကိုးကား- https://news-eleven.com )**

# တိုင်းဧရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ လွှတ်တော်တွင်း ပြန်လည်ဖြေကြားချက်ကို မေးခွန်းမေးသူကိုယ်စားလှယ်မှ ကန့်ကွက်

**ဇန်နဝါရီ ၃၀ ရက်၊ ၂၀၂၀**




ဒေါ်မြင့်မြင့်စန်း (ဝါးခယ်မ-၂)

ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ လုံ/နယ်ဝန်ကြီး

အရက်လိုင်စင်နှင့်ပတ်သက်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်၏ လွှတ်တော်တွင်း ဖြေကြားချက်ကို မေးခွန်းမေးသူ ဝါးခယ်မ မြို့နယ်၊ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စန်းက လွှတ်တော်အစည်းအဝေးမှာပင် ကန့်ကွက်ခဲ့ကြောင်း သိရှိရသည်။

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ၂၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ဇန်နဝါရီ ၃၀ ရက်က ကျင်းပရာ ကျေးရွာပြည်သူများမှ ပယ်ဖျက်ပေးရန် ကန့်ကွက်ထားသော တိုက္ကလားကျေးရွာရှိ CS2A အရက်လိုင်စင်အား မည်သို့အရေးယူပေးမည်ကို သိရှိလိုကြောင်း ဒေါ်မြင့်မြင့်စန်း၏ ကြယ်ပွင့်ပြ မေးခွန်းကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်၏ ပြန်လည်ဖြေကြားချက်ကို ကန့်ကွက်ခဲ့ခြင်းဖြစ်သည်။

"ဝန်ကြီးအနေနဲ့ဒါကို ဘယ်လို အကြောင်းပြချက်နဲ့ လက်ခံရတာလဲ။ စာမှာ သက်သေရှိနေတယ်ဆိုရင် ဝန်ကြီးအနေနဲ့လည်း တာဝန်ရှိပါတယ်၊ မေးခွန်းတစ်ခုကို ဖြေတယ်ဆိုတာ အောက်ခြေကရေးပြတာကို ဖတ်မပြပါနဲ့၊ ကိုယ်တိုင်ကွင်းဆင်းလေ့လာကြည့်ပါဦး၊ ဝန်ကြီးကိုယ်တိုင် ဝါးခယ်မမြို့နယ်ကို ဆင်းပြီး လေ့လာကြည့်ပါဦး၊ အဲ့ရွာက ပြည်သူတွေနဲ့ တွေ့ကြည့်ပါဦး၊ ဘယ်လိုအဖြေတွေ ထွက်လာမလဲဆိုတာ၊ အဲ့တော့ ဒီအဖြေကို လုံးဝကန့်ကွက်ပါတယ်။ ဆက်လက်ပြီး လုပ်စရာရှိတာတွေ လုပ်သွားမှာပါ"ဟု ၎င်းက ပြောသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူလူထုက အကြိမ်ကြိမ်တင်ပြသော်လည်း ယင်းတိုင်ကြားမှုများသည် ပုဂ္ဂိုလ်ရေးမကျေလည်ခြင်းများပါဝင်နေပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အရေးမယူဘဲ စောင့်ကြည့်မည်ဟု ဖြေကြားခြင်းမှာ မဖြစ်သင့်ဟုဆိုသည်။

**(ကိုးကား-https://www.facebook.com/myitmakhanews)**

# မြို့ဝင်ကြေးကောက်ခံမှုစနစ်ကို အပြီးတိုင်ဖျက်သိမ်းပေးရန် အဆိုတင်သွင်း

**ဇန်နဝါရီ ၃၀ ရက်၊ ၂၀၂၀**

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)တွင် ပျော်ဘွယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ဦးမြင့်စိုးက မန္တလေးတိုင်းဒေသကြီးတွင် ပျော်ဘွယ်မြို့နယ် အပါအဝင် မြို့နယ်တိုင်းရှိ ကောက်ခံလျက်ရှိသော မြို့ဝင်ကြေးကောက်ခံမှုစနစ်ကို အပြီးတိုင်ဖျက်သိမ်းပေးရန် အဆိုတင်သွင်းရာ ကိုယ်စားလှယ်တစ်ဦးမှ ထောက်ခံဆွေးနွေးခဲ့ပြီး လွှတ်တော်မှ ဆွေးနွေးရန် သဘောတူညီခဲ့သည်ဟု သိရသည်။

ပြည်သူလူထုနှင့် ကွင်းဆင်းတွေ့ဆုံမှုတွင် မြို့ဝင်ဂိတ်ကြေး ကောက်ခံမှုအပေါ် အဆင်မပြေ ကြောင်း တင်ပြမှုမှာ အများဆုံးဖြစ်သောကြောင့် အဆိုတင်သွင်းခြင်းဖြစ်ကြောင်း ဦးမြင့်စိုးက ပြောသည်။

"မြို့ဝင်ကြေးကောက်ခွင့်ရထားတဲ့ ကုမ္ပဏီတွေက သတ်မှတ်ထားတဲ့နှုန်းထားထက် ပိုကောက်တယ်။ ပြည်သူတွေက သတ်မှတ်နှုန်းထားထက် ပိုမဆောင်ချင်ဘူး။ သက်ဆိုင်ရာကို တင်ပြပေမယ့် ဆက်လက်ကောက်ခံ တာတွေရှိ နေလို့ အဆိုတင်ပြတာပါ"ဟု ၎င်းက ပြောသည်။

မြို့ဝင်ကြေးကောက်ခံခြင်းကို ဖျက်သိမ်းခိုင်းခြင်းမဟုတ်ဘဲ ဂိတ်စနစ်ဖြင့် ကောက်ခံခြင်းကို ဖျက်သိမ်းခိုင်းခြင်းဖြစ်ကြောင်း အဆိုရှင်က ပြောသည်။ အထက်ပါအဆိုနှင့်ပတ်သက်၍ လွှတ်တော်အစည်းအဝေး စတုတ္ထနေ့တွင် ဆွေးနွေးမည်ဖြစ် သည်။

မြို့ဝင်ကြေးကောက်ခံခြင်းကို ပြီးခဲ့သည့် ၂၀၁၉ က တိုင်းဒေသကြီးနှင့် ပြည်နယ်အများစုတွင် ရပ်ဆိုင်းမှုများရှိခဲ့သည်။

**(ကိုးကား- https://7day.news၊ ကနောင်အင်စတီကျူ)**